**ပြည်ထဲရေးဌာန**

**(ရွေးကောက်ပွဲ ကန့်ကွက်လွှာနည်းဥပဒေများ)**

**အမှတ် ၁၁၄၂**

**၁၃၁၀ ခု၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်။**

**(၁၉၄၈ ခု၊ နိုဝင်ဘာလ ၂၃ ရက်။)**

အမှတ် ၁၁၄၂။ ။ ရွေးကောက်ပွဲ ကန့်ကွက်လွှာကို စစ်ဆေးခြင်းနှင့် ပတ်သက်၍၊ ၁၉၄၈ ခုနှစ်၊ ပါလီမန် ရွေးကောက်ပွဲ အက်ဥပဒေပုဒ်မ ၅၂ တွင်ဖော်ပြထားသော ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရန် နိုင်ငံတော်သမတက အောက်ပါရွေးကောက်ပွဲ ကန့်ကွက်လွှာ နည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤနည်းဥပဒေများကို **ရွေးကောက်ပွဲ ကန့်ကွက်လွှာနည်းဥပဒေများ**ဟုခေါ်ရမည်။

(၂) ဤနည်းဥပဒေများသည် ချက်ခြင်းအတည်ဖြစ်ရမည်။

(၃) ဤနည်းဥပဒေများသည် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်အတွက် ကျင်းပသော ရွေးကောက်ပွဲ များမှသော်၎င်း၊ ထိုရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍သော်၎င်း ပေါ်ပေါက်လာသော ရွေးကောက်ပွဲ ကန့်ကွက်လွှာများနှင့် သက်ဆိုင်ရမည်။

၂။ ။ ဤနည်းဥပဒေများတွင်၊ အကြောင်းအရာ၌သော်၎င်း၊ ရှေ့နောက်စကား၏ အနက်အဓိပ္ပါယ်၌သော် ၎င်း ဆန့်ကျင် ကွဲလွဲခြင်းမရှိလျှင်-

(က) **"အက်ဥပဒေ"** ဆိုသည်မှာ ၁၉၄၈ ခုနှစ် ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေကို ဆိုလိုသည်။

(ခ) **"နိုင်ငံတော်သမတ"** ဆိုသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်သမတကို ဆိုလိုသည်။

(ဂ) **"ရွေးကောက်ပွဲ"** ဆိုသည်မှာ ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်အတွက် အမတ်နေရာတခုကို သော်၎င်း၊ အများကိုသော်၎င်းဖြည့်သွင်းရန် ကျင်းပသော ရွေးကောက်ပွဲကို ဆိုလိုသည်။

(ဃ) **"အရွေးခံသူ" "ကိုယ်စားလှယ်" "အရွေးခံရသူ" "တရားမဲ့ပြုကျင့်မှု"** ဟူသော စကားတို့သည်၊ အက်ဥပဒေရှိ အခန်း ၄ တွင် အဓိပ္ပါယ်ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

(င) **"ရှေ့နေ"** ဆိုသည်မှာ၊ သူတပါးအတွက် တရားရုံးသို့ တက်ရောက်အမှုလိုက်လဲနိုင်ခွင့်ရှိသောသူကို ဆိုလိုသည်။

၃။ ။ အရွေးခံရသောသူကို ကန့်ကွက်လိုလျှင်၊ ထိုသူ၏အမည်ကို ရွေးကောက်ပွဲတာဝန်ခံအရာရှိက ကြေညာသောနေ့မှစ၍ ရက်ပေါင်းခြောက်ဆယ်အတွင်း၊ ကန့်ကွက်လွှာတင်သွင်းရမည်။

၄။ ။ ကန့်ကွက်လွှာကို၊ လျှောက်ထားသူကသော်၎င်း၊ ထိုသူကခန့်ထားသောရှေ့နေကသော်၎င်း၊ ထိုသူက စာဖြင့်ဤကိစ္စအတွက်အခွင့်အာဏာလွှဲထားသော အခြားပုဂ္ဂိုလ်ကသော်၎င်း တင်သွင်းနိုင်သည်။

၅။ ။ (၁) လျှောက်ထားသူသည် ကန့်ကွက်လွှာတွင် မိမိအားကိုးအားထားပြုသော အရေးကြီးသည့် အချက်များကို အကျဉ်းချုပ်ဖော်ပြရေးသားထားရမည်။ လိုအပ်လျှင်၊ ထိုလျှောက်ထားချက်များကို စာပိုဒ် များခွဲ၍၊ နံပါတ်စဉ်ရေးထိုးရမည်။

Myanmar Law Information System (MLIS)

ထိုကန့်ကွက်လွှာတွင် လျှောက်ထားသူကလက်မှတ်ထိုး၍၊ တရားမ ကျင့်ထုံးဥပဒေ၌ အဆိုအချေများဟုတ်မှန်ကြောင်း ဝန်ခံရန်ပြဋ္ဌာန်းသတ်မှတ်ထားသော နည်းအတိုင်း၊ လျှောက်ထားချက်များဟုတ်မှန်ကြောင်းဝန်ခံရမည်။

(၂) ကန့်ကွက်လွှာနှင့်အတူတကွ၊ အထက်နည်းအတိုင်းလက်မှတ်ထိုး၍ ဟုတ်မှန်ကြောင်းဝန်ခံသော စာရင်းတခုပါရမည်။ ထိုစာရင်းတွင်၊ လျှောက်ထားသူကစွပ်စွဲသော တရားမဲ့ပြုကျင့်မှုအချက်အလက်များ နှင့် တရားမဲ့ပြုကျင့်မှု ကျူးလွန်သူများ၏အမည်များကို စုံလင်နိုင်သမျှ စုံလင်အောင်ဖော်ပြရမည်။ ထို့ပြင် တရားမဲ့ပြုကျင့်မှုအသီးသီးကို ကျူးလွန်သောနေ့ရက်နှင့် နေရာများကိုလည်းဖော်ပြရမည်။

(၃) ကန့်ကွက်လွှာကိုတရားမျှတစွာ အပြီးအပြတ်ဆုံးဖြတ်ရန် စစ်ဆေးနိုင်စေခြင်းအလို့ငှါ၊ လိုအပ်သည် ဟုထင်မြင်လျှင်၊ အထက်ပါစာရင်း၌ ပါရှိသော အချက်အလက်များကို ပြင်ဆင်စေရန်၎င်း၊ ထိုစာရင်းပါ အချက်အလက်များနှင့် သက်ဆိုင်သည့် သာ၍ထင်ရှားကောင်းမွန်သော အချက်အလက်များကို နောက် ထပ်ဖြည့်စွက်စေရန်၎င်း၊ ရွေးကောက်ပွဲခုံတော်အဖွဲ့က စရိတ်တင်ခိုင်း၍ဖြစ်စေ၊ မတင်ခိုင်းဘဲဖြစ်စေ၊ မည်သည့်အခါ၌မဆို အခွင့်ပြုနိုင်သည်။

၆။ ။ လျှောက်ထားသူက မိမိသာလျှင် အရွေးခံရသည်ဟု ကျေညာစေလိုကြောင်း တောင်းဆိုလျှင်၊ ထိုသူ သည် ရွေးကောက်ပွဲ၌ ပါဝင်အရွေးခံသူအားလုံးကို၊ လျှောက်ထားခံရသူများအဖြစ်ဖြင့် ကန့်ကွက်လွှာ၌ ထည့်သွင်းရမည်။

၇။ ။ ကန့်ကွက်လွှာကို တင်သွင်းသောအခါ၊ လျှောက်ထားသူသည် မိမိ၏ ကန့်ကွက်လွှာနှင့်အတူတကွ၊ ငွေတထောင်ကိုသော်၎င်း၊ ကာလပေါက်ဈေးနှုန်းအရ ငွေတထောင်တန်ဘိုးရှိသော အစိုးရအာမခံစာချုပ် များကိုသော်၎င်း အမှုစရိတ်အတွက် အာမခံအဖြစ်ဖြင့် တင်သွင်းရမည်။

၈။ ။ နည်းဥပဒေ ၇ ၌သတ်မှတ်ထားသော အမှုစရိတ်အတွက် အာမခံငွေကို၊ ကန့်ကွက်လွှာနှင့် တပါတည်းမတင်သွင်းလျှင်၊ ထိုကန့်ကွက်လွှာကို အရေးမယူရ။

၉။ ။ ရွေးကောက်ပွဲခုံတော်အဖွဲ့ကိုသော်၎င်း၊ သဘာပတိကိုသော်၎င်း ခန့်ပြီးသောအခါ၊ သဘာပတိသည် လျင်မြန်နိုင်သမျှလျင်မြန်စွာ၊ လျှောက်ထားခံရသူအသီးသီးထံသို့ ကန့်ကွက်လွှာမိတ္တူတစောင်စီပေးပို့စေ ၍၊ ထိုကန့်ကွက်လွှာမိတ္တူကို အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကျေညာစေရမည်။ ထို့ပြင် နောက်ထပ် ကျခံရမည့်အမှုစရိတ်အတွက် လိုအပ်သော အာမခံနှင့် ခံဝန်ချုပ်တခုကိုချုပ်ဆိုစေရန်၊ လျှောက်ထားသူ အား အမိန့်ပေးနိုင်သည်။ ကန့်ကွက်လွှာကို အစိုးရပြန်တမ်း၌ ထုတ်ပြန်ကျေညာပြီးနောက်တဆယ့် လေးရက်အတွင်း မည်သည့်အခါ၌မဆို၊ အခြားအရွေးခံသူ တဦးဦးသည်၊ အမှုစရိတ်အတွက် အထက် နည်းအတိုင်းအာမခံနှင့် ခံဝန်ချုပ်ကိုချုပ်ဆိုလျှင်၊ လျှောက်ထားခံရသူအဖြစ်ပါဝင်နိုင်ခွင့်ရှိရမည်။

၁၀။ ။ ရွေးကောက်ပွဲခုံတော်အဖွဲ့သည်၊ ဤနည်းဥပဒေများရှိ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ တရားမကျင့်ထုံး ဥပဒေအရတရားမမှုများကို စစ်ဆေးရာတွင် လိုက်နာအပ်သော ကျင့်ထုံးနှင့်အညီ ကန့်ကွက်လွှာကို စစ်ဆေးရမည်။ သို့ရာတွင် သက်သေထွက်ချက်ကိုမှတ်တမ်းယူရာ၌၊ ရွေးကောက်ပွဲခုံတော်အဖွဲ့သည် သက်သေခံချက် အကျဉ်းချုပ်ကိုသာ မှတ်တမ်းယူရန်လိုသည်။

၁၁။ ။ ကန့်ကွက်လွှာကို၊ နိုင်ငံတော်သမတညွှန်ကြားသော အရပ်ဒေသတွင်၊ စစ်ဆေးရမည်။ သို့ရာတွင်ရွေးကောက်ပွဲ ခုံတော်အဖွဲ့သည်၊ စုံစမ်းစစ်ဆေးသောလုပ်ငန်း တစိတ်တဒေသအတွက်၊

Myanmar Law Information System (MLIS)

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အခြားအရပ်တွင်၊ မိမိတို့၏သဘောအတိုင်း ရုံးထိုင်နိုင်သည်။ ထို့ပြင် အခြားအရပ်၌သက်သေကိုစစ်ဆေးစေရန်၊ ခုံတော်တဦးဦးကို ကိုယ်စားလှယ်အဖြစ်ဖြင့် စေလွှတ်နိုင် သည်။

၁၂။ ။ (၁) ကန့်ကွက်လွှာကို ရွေးကောက်ပွဲခုံတော်အဖွဲ့က အခွင့်ပြုမှသာလျှင်၊ နုတ်သိမ်းနိုင်သည်။ သို့ရာ တွင် ခုံတော်အဖွဲ့ဝင်တဦးကိုမျှ မခန့်ရသေးမီ၊ ကန့်ကွက်လွှာကို နုတ်သိမ်းလိုကြောင်း လျှောက်ထားသော်၊ နိုင်ငံတော်သမတက အခွင့်ပြုမှသာလျှင်၊ နုတ်သိမ်းနိုင်သည်။

(၂) ကန့်ကွက်လွှာတခု၌ ကန့်ကွက်သူတဦးထက်ပို၍ပါရှိလျှင်၊ ကန့်ကွက်သူအားလုံး၏ သဘောတူ ချက်ကိုရမှသာ၊ ထိုကန့်ကွက်လွှာကိုနုတ်သိမ်းရမည်။

(၃) ကန့်ကွက်လွှာကိုနုတ်သိမ်းလိုကြောင်း ရွေးကောက်ပွဲခုံတော်အဖွဲ့သို့ လျှောက်ထားသောအခါ၊ ထိုလျှောက်လွှာကို ခုံတော်အဖွဲ့က ကြားနာရန်၊ နေ့ရက်ချိန်းဆိုချက်ပါရှိသော ကန့်ကွက်လွှာနုတ်သိမ်း ကြောင်း နို့တစ်စာကို၊ ကန့်ကွက်လွှာပါ အမှုသည်အားလုံးထံသို့ ပေးပို့ရမည်။ ထိုနို့တစ်စာကို အစိုးရ ပြန်တမ်းတွင် ထုတ်ပြန်ကျေညာရမည်။

(၄) နိုင်ငံတော်သမတ၏ သဘော၌၊ သို့တည်းမဟုတ် ရွေးကောက်ပွဲခုံတော်အဖွဲ့၏သဘော၌ ကန့်ကွက် လွှာကို နုတ်သိမ်းရခြင်းသည် အခွင့်ပြုသင့်သည်မဟုတ်သော ဈေးဆစ်စေ့စပ်ခြင်းနှင့် မသင့်မလျော်သော နည်းတို့ဖြင့် သွေးဆောင်သောကြောင့်ဖြစ်ရသည်ဟု ထင်မြင်လျှင်၊ ထိုနုတ်သိမ်းလိုကြောင်း လျှောက်လွှာ ကိုခွင့်မပြုရ။

(၅)နုတ်သိမ်းလိုကြောင်း လျှောက်လွှာကို ခွင့်ပြုခဲ့သော်-

(က) ရွေးကောက်ပွဲ ခုံတော်အဖွဲ့သို့ လျှောက်ထားသဖြင့် ရွေးကောက်ပွဲ ခုံတော်အဖွဲ့က ခွင့်ပြုသော အမှု မျိုးတွင်၊ လျှောက်ထားခံရသူကုန်ကျသော အမှုစရိတ်ကို၊ သို့တည်းမဟုတ် သင့်တော်သည်ထင်မြင်သော အမှုစရိတ်ကို လျှောက်ထားသူက လျှောက်ထားခံရသူအားပေးရန်၊ အမိန့်ချမှတ်ရမည်၊ ထို့ပြင်

(ခ) အကြောင်းအားလျော်စွာ၊ နိုင်ငံတော်သမတကသော်၎င်း၊ ရွေးကောက်ပွဲခုံတော်အဖွဲ့ကသော်၎င်း ကန့်ကွက်လွှာနုတ်သိမ်းခွင့်ပြုကြောင်းပါရှိသော နို့တစ်စာကို၊ အစိုးရပြန်တမ်း၌ ထုတ်ပြန်ကျေညာရမည်၊ ထို့ပြင်

(ဂ) အထက်ပါနို့တစ်စာကို ထုတ်ပြန်ကျေညာသည်မှစ၍ တဆယ့်လေးရက်အတွင်းတွင်၊ ကန့်ကွက် လွှာတင်နိုင်ခွင့်ရှိသူတဦးသည်၊ ကန့်ကွက်လွှာနုတ်သိမ်းသွားသူအစား မိမိကိုထည့်သွင်းစေရန်၊ လျှောက် ထားနိုင်သည်။ အာမခံပေးခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၇ ၌ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာလျှင်၊ ထိုသူသည် အစားထည့်သွင်းခံခွင့်ရရှိရမည့်အပြင်၊ ရွေးကောက်ပွဲခုံတော်အဖွဲ့က သင့်တော်သည်ထင်မြင် သော စည်းကမ်းချက်များအတိုင်း၊ ဆက်လက်တရားဆိုင်နိုင်ခွင့်ကိုလည်း ရရှိရမည်။

၁၃။ (၁) ကန့်ကွက်လွှာ တင်သွင်းသူတဦးတည်းရှိလျှင်၊ ထိုသူကွယ်လွန်မှသာ၊ သို့တည်းမဟုတ် ကန့်ကွက်လွှာတခု၌ ကန့်ကွက်သူတဦးထက်ပို၍ပါရှိလျှင်၊ တယောက်မကျန် ကွယ်လွန်မှသာ၊ ထိုကန့် ကွက်လွှာ ရပ်စဲရမည်။

(၂) ကန့်ကွက်လွှာရပ်စဲကြောင်းပါရှိသော နို့တစ်စာကို၊ ရွေးကောက်ပွဲ ခုံတော်အဖွဲ့က၊ သို့တည်းမဟုတ် ရွေးကောက်ပွဲခုံတော်အဖွဲ့ဝင်တဦးကိုမျှ မခန့်ရသေးမီ ကန့်ကွက်လွှာရပ်စဲလျှင် နိုင်ငံတော်သမတက၊ အစိုးရပြန်တမ်းတွင်ထုတ်ပြန်ကျေညာရမည်။

Myanmar Law Information System (MLIS)

(၃) ကန့်ကွက်လွှာရုပ်စဲကြောင်းပါရှိသည့် နို့တစ်စာကို ထုတ်ပြန်ကျေညာသည်မှစ၍ တဆယ့်လေးရက် အတွင်းတွင် ကန့်ကွက်လွှာတင်နိုင်ခွင့် ရှိသူတဦးသည် ကန့်ကွက်သူအဖြစ်ဖြင့် မိမိကိုအစားထည့်သွင်းစေ ရန်၊ လျှောက်ထားနိုင်သည်။ အာမခံပေးခြင်းနှင့် စပ်လျဉ်း၍ နည်းဥပဒေ၇ ၌ ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာလျှင်၊ ထိုသူသည် အစားထည့်သွင်းခံခွင့် ရရှိရမည့်အပြင်၊ ရွေးကောက်ပွဲခုံတော်အဖွဲ့က သင့်တော်သည်ထင်မြင်သော စည်းကမ်းချက်များအတိုင်း၊ ဆက်လက်တရားဆိုင်နိုင်ခွင့်ကိုလည်း ရရှိရ မည်။

၁၄။ ။ ကန့်ကွက်လွှာကို စစ်ဆေး၍မပြီးသေးမီ လျှောက်ထားခံရသူကွယ်လွန်ခဲ့သော်၊ သို့တည်းမဟုတ် လျှောက်ထားခံရသူက ကန့်ကွက်လွှာကို မချေပလိုကြောင်း နို့တစ်စာပေးခဲ့သော်၊ ထို့ပြင် ကန့်ကွက်သူက၊ မိမိသာကျနစွာ အရွေးခံရသူဖြစ်သည်ဟု ကျေညာစေရန်တောင်းဆိုခဲ့လျှင်၊ ရွေးကောက်ပွဲခုံတော်အဖွဲ့ သည်၊ လျှောက်ထားခံရသူ ကွယ်လွန်ကြောင်း သို့တည်းမဟုတ် လျှောက်ထားခံရသူက မချေပလိုကြောင်း ပါရှိသော နို့တစ်စာကို အစိုးရပြန်တမ်း၌ ထုတ်ပြန်ကျေညာစေရမည်။ ထိုသို့ကျေညာသည်မှစ၍ တဆယ့် လေးရက်အတွင်းတွင် ကန့်ကွက်လွှာတင်နိုင်ခွင့်ရှိသူသည်၊ ကန့်ကွက်လွှာကို ချေပရန်၊ ဆိုခဲ့သော လျှောက်ထားခံရသူအစား၊ မိမိကို ထည့်သွင်းစေလိုကြောင်း လျှောက်ထားနိုင်သည်။ ထိုသူသည်၊ ရွေးကောက်ပွဲခုံတော်အဖွဲ့က သင့်တော်သည်ထင်မြင်သော စည်းကမ်းများအတိုင်း၊ ဆက်လက်တရား ဆိုင်နိုင်ခွင့်ကို ရရှိရမည်။

၁၅။ ။ (၁) အရွေးခံရသူတဦးဦးက အရွေးခံရသူကို ကန့်ကွက်၍၊ မိမိကို အရွေးခံရသူအဖြစ် ကျေညာစေ ရန် တောင်းဆိုလျှောက်ထားသော ကန့်ကွက်လွှာကို စစ်ဆေးရာတွင်၊ အရွေးခံရသူကသော်၎င်း၊ ထိုကန့် ကွက်လွှာ၌ပါသော အခြားအမှုသည် တဦးဦးကသော်၎င်း၊ အကယ်၍လျှောက်ထားသူသာလျှင် အရွေးခံ ရသူဖြစ်သဖြင့် ထိုသူကို ကန့်ကွက်ပါက ထိုသူအရွေးခံရမည်မဟုတ်နိုင်ကြောင်းကို ထင်ရှားအောင်၊ သက် သေပြနိုင်ခွင့်ရှိသည်။ သို့ရာတွင် ဆိုခဲ့သော အရွေးခံရသူသည်၊ သို့တည်းမဟုတ် အခြားအမှုသည်တဦးဦးသည်၊ နည်းဥပဒေ ၉ အရ ကန့်ကွက်လွှာကို ထုတ်ပြန်ကျေညာသောနေ့မှစ၍ တဆယ့်လေးရက်အတွင်းတွင်၊ ထိုသို့သက်သေပြ ရန်ရည်ရွယ်ကြောင်းပါရှိသော နို့တစ်စာကို ရွေးကောက်ပွဲခုံတော်အဖွဲ့သို့ ပေးပို့ခြင်းမပြုလျှင်၊ ထို့ပြင် နည်းဥပဒေ ၇ ၌ ပြဋ္ဌာန်းထားသည့်အတိုင်း အစိုးရငွေတိုက်၌ ငွေတင်သွင်းခြင်းမပြုလျှင်၊ ထို့ပြင် နည်းဥပဒေ ၉ ၌ ညွှန်းဆိုထားသောခံဝန်ချုပ်ကို ချုပ်ဆိုခြင်းမပြုလျှင်၊ ထိုသူတို့သည် သက်သေပြခွင့်ကို မရရှိစေရ။

(၂) နည်းဥပဒေခွဲ (၁) ရှိ ခြွင်းချက်၌ ညွှန်းဆိုထားသော နို့တစ်စာနှင့် အတူတကွ၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၅ ၌ ပြဋ္ဌာန်းထားသည့်အတိုင်း ဟုတ်မှန်ကြောင်း လက်မှတ် ထိုး၍ ဖော်ပြဝန်ခံထားသော တရားမဲ့ပြုကျင့်မှုများစာရင်းပါရမည်။

အမိန့်အရ၊

ဦးကျော်၊

ရွေးကောက်ပွဲမင်းကြီးနှင့်တွဲဘက်အတွင်းဝန်၊

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊

Myanmar Law Information System (MLIS)

(ရွေးကောက်ပွဲ ကန့်ကွက်လွှာနည်းဥပဒေများ)
ပြည်ထဲရေးဌာန။

Myanmar Law Information System (MLIS)